## "MSMEs လုပ်ငန်းရှင်များ အတွက်ဈေးကွက်ချဲ့ထွင်နိုင်မည့်အခွင်အရေး"

MSMEs လုပ်ငန်းရှင်များ သည် အောက်ပါအချက်များဖြင့် ပြည့်စုံပါက CITY MART ,Gandamar Wholesale ,ABC Retailer Chain များတွင် မိမိတို့၏ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချနိုင်ကြောင်းသိရှိရပါသည်-

**ကုန်ပစ္စည်းအတွက် အာမခံချက်များ**

- Company (သို့မဟုတ်) လုပ်ငန်းလိုင်စင် ရှိရပါမည်၊
- ကုန်ပစ္စည်းအရည်အသွေး၊ ပါကင်ထုပ်ပိုးမှု၊ ပါဝင်ပစ္စည်း၊ ပါဝင်အရေအတွက်၊ ပစ္စည်း၏ Barcode အချက်များအား တိကျစွာ တသမတ်တည်း သတ်မှတ်ရပါမည်၊
- စားသောက်ကုန်၊ ဆေးဝါးပစ္စည်း၊ အလှကုန်ပစ္စည်းများဖြစ်လျှင် အစားအသောက် ဆေးဝါး ဦးစီးဌာနမှ ထုတ်ပေးထားသော FDA ထောက်ခံချက် (သို့) အလားတူထောက်ခံချက် တစ်ခုခု ပါဝင်ရပါမည်၊
- ကုန်ပစ္စည်း၏ သတ်မှတ်သက်တမ်းအတွင်း အရည်အသွေးကောင်းမွန်မှုရှိရန်၊ ကုန်ပစ္စည်းတွင် ဖော်ပြထားသော စံချိန်စံညွှန်းတို့နှင့် ကိုက်ညီမှုရှိရန် အာမခံတာဝန်ယူနိုင်ရပါမည်၊

**ကုန်ပစ္စည်းတစ်ခုတွင် ဖော်ပြရန်လိုအပ်သော အချက်များ (Product Labelling)**

- ကုန်ပစ္စည်းတစ်ခုချင်းစီအတွက် GS1 Standard နှင့်ညီသော Barcode ပါရှိရပါမည်၊
- ကုန်ပစ္စည်းတစ်ခုချင်းစီအတွက် ထုတ်ကုန်အမည် Product Name, ကုန်သွယ်မှုအမှတ်အသား Trade Mark, တံဆိပ်သည် သက်ဆိုင်ရာ တံဆိပ်ဥပဒေအရ တရားဝင်မှုအထောက်အထား (Label, Declaration is clear, prominent and readily legible) ပါရှိရပါမည်။ တံဆိပ် နှစ်ထပ်ကပ်ထားခြင်း မပြုရပါ။ (No multi stickering or double stickering on label or pouch)
- ကုန်ပစ္စည်း၌ ထုတ်လုပ်သူလိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်ကို တိကျစွာ ဖော်ပြပေးရမည်၊
- ကုန်ပစ္စည်းအား ကိုယ်တိုင်ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ဘဲ အခြားသူအား တစ်ဆင့်ပြန်လည် ရောင်းချနိုင်းပါက ကုန်ပစ္စည်း၌ (Distributed By) ကိုယ်စားလှယ်ရောင်းချနိုင်းသူအား ဖော်ပြပေးရပါမည်၊
- ကုန်ပစ္စည်းအား ထုတ်လုပ်သည့်နေ့ (Manufactured Date) နှင့် ကုန်ပစ္စည်းအား Packing ထုပ်ပိုးသည့်နေ့ (Packet On Date) ကုန်ပစ္စည်းထုတ်လုပ်သည့်နံပါတ် (Batch Number, Lot Number) ထုပ်ပိုးမှုအရွယ်အစား (Size) သက်တမ်းကုန်ဆုံးသည့်ရက် (Best Before Expiry Date) ဖော်ပြပေးရပါမည်၊
- FDA ထောက်ခံချက်ရှိပါက ကုန်ပစ္စည်းတွင် ထိုနံပါတ်အား ပူးတွဲဖော်ပြပေးပါရန် မရှိခဲ့ပါက UMFCCI မှ စစ်ဆေးထားသည့် လက်မှတ်များ စည်ပင်ဌာနမှ ကျန်းမာရေးထောက်ခံချက် ပါရှိရပါမည်၊

- ကုန်ပစ္စည်းတစ်ခုစီတွင် ပါဝင်ပစ္စည်းနှင့် အဟာရဓာတ်ဆိုင်ရာ အချက်အလက်များ (Ingredient and Nutritional Information) ကို ဖော်ပြပေးလိုပါသည်၊
- ကုန်ပစ္စည်း၌ ပါဝင်သည့် စုစုပေါင်းအသားတင်အလေးချိန် Gram Weight ကို ဖော်ပြပေးရပါမည်၊
- ကုန်ပစ္စည်းအား မည်ကဲ့သို့စားသုံးရန်၊ ပြင်ဆင်ချက်ပြုတ်ရန်နှင့် အသုံးပြုရန် အညွှန်းများ ထည့်သွင်းဖော်ပြရမည်။ Instruction for usage if applicable.
- ကုန်ပစ္စည်းများအတွင်း၌ ဓာတုဆိုးဆေး၊ အရောင်၊ အချိုမှုန့်ထည့်ထားပါက ပူးတွဲဖော်ပြပေးရပါမည်။ Declaration of added colors/flavours.
- ပါဝင်ပစ္စည်းများ၏ ဘေးထွက်ဆိုးကျိုး (Side Effects) ဆိုးဝါးစေတတ်သော အကျိုးဆက်များ Adverse Reactions, ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ လူနာများသုံးစွဲရန် မသင့်ပါက သီးသန့်ဖော်ပြပေးရန် လိုပါသည်။ Specific Declaration for individual commodity, if applicable (like not not for kids, pregnant ladies etc)
- အအေးခန်းတွင် ထည့်သွင်းသိမ်းဆည်းရမည့်ပစ္စည်းဖြစ်ပါက မည်သည့်နေရာတွင် သိမ်းရမည်ကို (ဥပမာ။ ။ အေးခဲသည့်နေရာတွင် သိမ်းရန်) သီးသန့်ဖော်ပြရန် လိုပါသည်။ ထိုပစ္စည်းကို ဖွင့်ပြီးပါက မည်သည့်ရက်အတွင်း ကုန်အောင်စားသုံးရန်ကိုလည်း ဖော်ပြပေးရပါမည်။

ဆက်သွယ်ရန်လိပ်စာ
အခန်း(၇၀၂)၊ ၇-လွှာ၊
ကုန်သည်စက်မှုအသင်းချုပ်၊
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၅၇၆၉၄၂၄၆ ၊ ၀၉-၄၅၇၆၉၄၂၄၇
အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း
info@mmramyanmar.com